**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

**အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၇**

၁၃၇၉ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်

(၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၇ ရက်)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၅၉ နှင့် ၁၈၄ တို့အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များကိုကျင့်သုံး၍ အောက်ပါစည်းမျဉ်းကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းကို ပမာဏကြီးမားသော ကြွေးမြီများဆိုင်ရာစည်းမျဉ်းဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းသည် ဘဏ်များအားလုံးနှင့်သက်ဆိုင်စေရမည်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်**

၃။ ဤစည်းမျဉ်းတွင်ပါရှိသော စကားရပ်များသည် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ကြွေးမြီ (Financial Exposure)** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၅၉(စ)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ခ) **အဓိကမတည်ငွေရင်း(Core Capital)** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မ ၃၄(ဆ)(၁) တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(ဂ) **ဆက်နွှယ်နေသော မိတ်ဖက်အဖွဲ့အစည်း** ဆိုသည်မှာ ဆက်နွှယ်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့အနက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသူများ တွေ့ကြုံရသည့် ငွေရေးကြေးရေးပြဿနာများသည် အခြားသူများ သို့မဟုတ် အားလုံးအပေါ် ဆိုးရွားသော ငွေရေးကြေးရေးပြဿနာများ ပေါ်ပေါက်စေခြင်းကြောင့် ယင်းတို့အား အကျိုးခံစားခွင့်ရှိသူတစ်ဦးတည်းကဲ့သို့ မှတ်ယူရမည့် အပြန်အလှန်ဆက်စပ်မှုရှိနေခြင်းကို ဆိုသည်။

အထူးသဖြင့် နှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများအကြားတွင် အောက်ဖော်ပြပါအတိုင်း ဆက်နွှယ်မှုရှိခြင်း-

(၁) ဆက်နွှယ်သူများထဲမှ တစ်ဦးသည် အခြားသူများအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ထိန်းချုပ်နိုင်ခြင်း၊

(၂) ဆက်နွှယ်သူများသည် တူညီသည့် မိခင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီများ ဖြစ်ခြင်း၊

(၃) တူညီသော စီမံခန့်ခွဲမှုအောက်တွင်ရှိခြင်း၊

(၄) ယင်းတို့ထဲမှ တစ်ဦးသည် အခြားသောပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အဖွဲ့အစည်းတွင် ၁၀% ထက်ကျော်လွန်သော အကျိုးစီးပွားရှိခြင်းနှင့် အပြန်အလှန် အာမခံသည့် သဘောတူညီချက်စာချုပ် ချုပ်ဆိုထားခြင်း သို့မဟုတ် တစ်ဆင့်ခံကန်ထရိုက်စာချုပ်များ၊ လုပ်ငန်းခွဲဝေလုပ်ကိုင်မှုစာချုပ် စသည်ဖြင့် တစ်ဦးနှင့် တစ်ဦး စီးပွားရေးလုပ်ငန်းများ အထူးဆက်နွှယ်မှုရှိခြင်း။

(ဃ) **ပမာဏကြီးမားသော ကြွေးမြီ** ဆိုသည်မှာ ဘဏ်၏ အဓိကမတည်ငွေရင်း၏ ၁၀% နှင့် အထက်ကျော်လွန်၍ ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် မိတ်ဖက်အဖွဲ့အစည်း သို့မဟုတ် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းသို့ ထုတ်ချေးသည့် ချေးငွေကိုဆိုသည်။

(င) **အာမခံအပြည့်အဝရှိသည့်ချေးငွေ(Secured Transaction)** ဆိုသည်မှာ အစိုးရငွေချေးသက်သေခံလက်မှတ်များ(Government Securities) နှင့် အမေရိကန်ဒေါ်လာ အပ်ငွေများအား အာမခံအဖြစ်ထားရှိဆောင်ရွက်သော ချေးငွေကိုဆိုသည်။

**ပမာဏကြီးမားသော ကြွေးမြီအချိုး**

၄။ ဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးလုပ်ငန်းအုပ်စုတစ်ခုခု သို့မဟုတ် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏အဓိကမတည်ငွေရင်း၏ ၂၀% ထက်ပို၍ ထုတ်ချေးခြင်းမပြုရ။

၅။ ဘဏ်များအကြား ချေးငွေထုတ်ချေးရာတွင် အောက်ဖော်ပြပါ ပမာဏကြီးမားသော ကြွေးမြီဆိုင်ရာ ကန့်သတ်ချက်များကို လိုက်နာရမည်-

(က) အာမခံအပြည့်အဝရှိသည့် ချေးငွေများအတွက် ကန့်သတ်ချက်မရှိဆောင်ရွက်နိုင်သည်၊

(ခ) အာမခံမရှိသည့် ချေးငွေများအတွက် ဘဏ်၏ အဓိကမတည်ငွေရင်း၏ ၁၀၀ % အထိသာ ကန့်သတ်ဆောင်ရွက်ရမည်။

၆။ နိုင်ငံခြားဘဏ် ဘဏ်ခွဲက ၎င်း၏ ပင်ရင်းဘဏ်သို့ ထုတ်ချေးငွေများကိုလည်း ပမာဏကြီးမားသော ကြွေးမြီကန့်သတ်ချက်နှင့် အကျုံးဝင်စေရမည်။

၇။ ဘဏ်အားလုံးသည် ပမာဏကြီးမားသော ကြွေးမြီဆိုင်ရာသတင်းအချက်အလက်ကို သုံးလလျှင်တစ်ကြိမ် ပူးတွဲပါပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ တင်ပြရမည်။

၈။ ဘဏ်၏ ပမာဏကြီးမားသောကြွေးမြီအားလုံး၏ စုစုပေါင်းသည် ယင်း၏ အဓိကမတည် ငွေရင်း၏ ၈ ဆထက် ကျော်လွန်ခြင်းမရှိစေရ။

၉။ နိုင်ငံပိုင်ဘဏ်များက နိုင်ငံတော်အစိုးရ၏ မူဝါဒအရ ထုတ်ချေးသော ချေးငွေများသည် ပမာဏကြီးမားသောကြွေးမြီကန့်သတ်ချက်မှ ကင်းလွတ်ခွင့်ရှိသည်။ သို့သော် နိုင်ငံပိုင်ဘဏ်များက နိုင်ငံတော်အစိုးရ၏မူဝါဒနှင့် မသက်ဆိုင်ဘဲ ထုတ်ချေးသောချေးငွေများအားလုံးသည် ပမာဏ ကြီးမားသော ကြွေးမြီကန့်သတ်ချက်နှင့် အကျုံးဝင်စေရမည်။

**အခြားပြဋ္ဌာန်းချက်များ**

၁၀။ ဘဏ်တစ်ခုတွင် အဓိကမတည်ငွေရင်း၏ ၂၀% ထက်ကျော်လွန်ပြီး လူပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သို့ ထုတ်ချေးထားသော ကြွေးမြီများရှိပါက ဤစည်းမျဉ်း ထုတ်ပြန်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း အဆိုပါကြွေးမြီအား လက်ခံနိုင်သည့်ပမာဏသို့ ထားရှိမည့်အစီအစဉ်ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာနသို့ တင်ပြရမည်။

၁၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ၁၇-၁၂-၂၀၁၆ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့သည့် အမှာစာအမှတ်၊ ၁၄၈၉/၃၈၀-ကက(၁)/၁/၂၀၁၆-၂၀၁၇ အား ဤစည်းမျဉ်းဖြင့် ပယ်ဖျက်လိုက်သည်။

၁၂။ ဤစည်းမျဉ်းအား လိုက်နာရန်ပျက်ကွက်ပါက ဘဏ်သည် စည်းမျဉ်းအားဖောက်ဖျက်သည့် အတွက် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၉၄ နှင့် ၉၆ ပါဘဏ်အား ပြန်လည် တည့်မတ်စေရန် အရေးယူဆောင်ရွက်ခြင်းနှင့် အဆိုပါဥပဒေ ပုဒ်မ ၁၅၄ ပါ စီမံခန့်ခွဲရေးနည်းလမ်း အရ အရေးယူခြင်းခံရမည်။

၁၃။ ဤစည်းမျဉ်းသည် ထုတ်ပြန်သည့်နေ့မှစ၍ ချက်ချင်းအကျိုးသက်ရောက်စေရမည်။

(ပုံ) ကျော်ကျော်မောင်
ဥက္ကဋ္ဌ

**[INSERT BANK NAME HERE]**

**[Insert Mo Statement of Large Exposures**

*All amounts stated in MMK, millions*

| Sr. No. | Name of Borrower or Company | A/C No. | Registration code/passport number | Company | | Issuance or Renewal Date of Company License | Type of Facility (Term Loan, Overdraft, LC, LG, others) | Principal Amount (in Kyat) | Currency | Issuance Date | Maturity Date | Interest Rate | Outstanding Amount (Kyat) | Number of Days Past Due | Type of Collateral | Force Sale Value of Collateral | Type of Sector | % of Regulatory Capital |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | License No. | President name | | | | USD, EUR, SGD, Other | | | | | | | | | |
| | | | | | | | | | | | | | | | | | | |

**The Republic of the Union of Myanmar**

**Central Bank of Myanmar**

**Notification No. (18/2017)**

**14th Waxing Day of Waso 1379 ME**

**July 7, 2017**

**------------------------------------------------**

In exercise of the powers conferred under Section 59 and Section 184 of the Financial Institutions Law, the Central Bank of Myanmar hereby issues the following Regulations:

1. These Regulations shall be called Large Exposures Regulation.

2. These Regulations shall apply to all banks.

**Definitions**

3. The expressions contained in these Regulations are to have same meaning in the Financial Institutions Law. Moreover, the following expressions shall have the meanings given hereunder:

(a) "financial exposure" has the meaning as defined in Section 59 (f) of the Financial Institutions Law.

(b) "core capital" has the meaning as defined in Section 34 (g)(1) of the Financial Institutions Law.

(c) "connected counterparty" means individuals or legal entities that are interconnected in such a way that financial problems experienced by one or more of them would necessarily entail serious financial problems for the other or all of them shall likewise be deemed to constitute a single beneficiary.

In particular, such connections exist between two or more individuals or legal entities where:

(i) one of them directly or indirectly exercise control over the other;

(ii) they are subsidiaries of the same parent company;

(iii) they come under the same *de facto* management;

(vi) one of them has an equity interest in the other exceeding 10 percent and they are bound by reciprocal guarantee agreements or have a special business relationship with each other such as sub-contracting, franchise, etc;

(d) "large exposure" is a financial exposure to a person or counterparty or group of connected counterparty which in the aggregate equal or exceed 10% of core capital of the bank.

(e) "Secured Transaction" means loans backed by government securities or deposit in US dollar.

**Large Exposure Ratio**

4. A bank shall not take on financial exposure in respect of a person or a single counterparty or group of connected counterparties which constitutes in the aggregate a liability amounting to more than 20% of the core capital of the bank.

5. Transactions between banks are subject to the following large exposure limits;

(a) secured transactions are unlimited;

(b) unsecured transactions are limited to 100% of core capital of the bank.

6. Exposure of foreign bank branch to its parent bank is also subject to the large exposure limit.

7. Every bank must report all large exposure transactions to the Banking Supervision Department of the Central Bank of Myanmar quarterly in a prescribed form attached.

8. The aggregate of all large exposure of a bank shall not exceed 8 times of its core capital.

9. State owned banks are exempted from complying with the large exposure limit for loans and exposures made at the direction of government policy. State owned banks are not exempted from complying with the large exposure limit for other loans and exposures not related to government policy.

**Additional Requirements**

10. A bank that has currently any financial exposure exceeding 20 % of the core capital shall submit to the Banking Supervision Department of the Central Bank of Myanmar a plan to bring these exposures to acceptable limit, within 90 days from the date of these Regulations.

11. The Memorandum Letter Number 1489/380-KaKa(1)/1/2016-2017 dated December 17, 2016 is hereby repealed.

12. Failure to comply with these Regulations constitute a violation and is subject to corrective actions or sanctions as maybe imposed under section 94 and 96 of the Financial Institutions Law and administrative penalties under section 154 of the said Law.

13. These Regulations shall come into effect immediately.

Sd./xxxxxxxxxx
(Kyaw Kyaw Maung)
Governor

**[INSERT BANK NAME HERE]**

**[Insert Mo Statement of Large Exposures**

*All amounts stated in MMK, millions*

| Sr. No. | Name of Borrower or Company | A/C No. | Registration code/passport number | Company | | Issuance or Renewal Date of Company License | Type of Facility (Term Loan, Overdraft, LC, LG, others) | Principal Amount (in Kyat) | Currency | Issuance Date | Maturity Date | Interest Rate | Outstanding Amount (Kyat) | Number of Days Past Due | Type of Collateral | Force Sale Value of Collateral | Type of Sector | % of Regulatory Capital |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | License No. | President name | | | | USD, EUR, SGD, Other | | | | | | | | | |
| | | | | | | | | | | | | | | | | | | |